March 26, 2020

သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသော အသင်းတော်များအားလုံးမှ သန့်ရှင်းသူများအားလုံးထံသို့

ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်မှ ငါတို့ကို အဘယ်သူကွာစေနိုင်မည်နည်း။
ဘေးဒဏ်ခံရခြင်း၊ ငြိုငြင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်ချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံခြင်း၊
ကွပ်မျက်ခြင်းတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်မှ ငါတို့ကို အဘယ်သူကွာစေနိုင်မည်နည်း။
ရောမ၊ ၈း၃၅၊ ၃၇

ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ ပွားများပါစေသော။ ဤစာသည် သင်တို့အား သခင်ဘုရားကို ကြောက်ရွံ့ခြင်း၌ရှိစေ၍၊ သန့်ရှင်းသောဝိညာဉ်တော်၏ နှစ်သိမ့်ပေးခြင်း၌ ရှိပါစေသော။ ဤခက်ခဲရာနေ့ရက်များ၌ တစ်ကမ္ဘာလုံးရှိ အသင်းတော်များအားလုံးနှင့် သန့်ရှင်းသူများအားလုံးမှာ ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ရှိလျက်၊ ကျေးဇူးတော်ပလ္လင်ရှေ့တွင် ကျွန်ုပ်တို့၏ ပခုံးများအပေါ် သယ်ဆောင်လျက်ရှိပါသည်။ တစ်ကမ္ဘာလုံးမကြုံစဖူး ထိတ်လန့်တုန်လှုပ်ခြင်း၊ သေကြေပျက်စီးခြင်းအမှုတို့ ရင်ဆိုင်နေရခြင်း၌ စိတ်ချခြင်း၊ နှစ်သိမ့်ခြင်းနှင့် ခွန်အားပေးခြင်းစကားကို အတူတကွမျှဝေကြပါရန် ကျွန်ုပ်တို့စာရေးလိုက်ရခြင်းဖြစ်ပါသည်။ ခမည်းတော်သည် သင်တို့အား တန်ခိုးတော်ဖြင့် ခွန်အားပေးပါမည်အကြောင်း သင်တို့အတွက် ကျွန်ုပ်တို့အသနားခံဆုတောင်းပေးနေကြပါသည်။ ဤသို့ဖြင့် သင်တို့အားလုံးသည် ခိုင်ခံ့မြဲမြံကာ ကိုယ်တော်၌ တုန်လှုပ်ခြင်းနှင့်အစဉ်ကင်းလွတ်ကြမည်ဖြစ်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ကိုယ်တော်၏ သက်သေခံတော်မူချက်သည် သာမန်ထက်လွန်ကဲသော ဤဖြစ်စဉ်အချိန်ကာလကို ကျွန်ုပ်တို့ဖြတ်သန်းစဉ်တွင် စောင့်ထိန်းခံရပါမည်အကြောင်း ကျွန်ုပ်တို့သည် သင်တို့နှင့်အတူ ကြားခံဆုတောင်းပေးနေကြပါသည်။

မျက်မှောက်အချိန်ရှိ စားသောက်ပွဲများတွင် ဘုရားသခင်စီမံထားပေးသည့် ကျွန်ုပ်တို့၏ အမွေဝေစုဖြစ်သော ခရစ်တော်သည် အရာအားလုံး–ပါဝင်ခြင်းနှင့် အရာအားလုံး–ကြီးမားကျယ်ပြန့်ခြင်း အရှင်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ ကိုယ်တော်သည် အခြေအနေတိုင်း၌ ကျွန်ုပ်တို့၏ လိုအပ်မှုကို ပြည့်စုံစေခြင်းငှါ တတ်စွမ်းနိုင်သည့် အရာအားလုံး–လုံလောက်ပြည့်စုံသော အရှင်ဖြစ်သည်။ ထိုသို့သောခရစ်တော်ကို တမန်တော်ပေါလုသည် အကျဉ်းထောင်၌ရှိစဉ်တွင် မွေ့လျော်ဝမ်းမြောက်ခဲ့ကာ အမှုဆောင်ဝေငှခဲ့သည်။ ပေါလု၏ စံနမူနာသည် ယနေ့ကျွန်ုပ်တို့၏ အခြေအနေ၌ ကျွန်ုပ်တို့အဖို့ အဓိပ္ပါယ်အရှိဆုံးဖြစ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြင်ပိုင်းတွင် ပို၍ကန့်သတ်ခြင်းခံရလေလေ၊ ကိုယ်တော်၏ ကြွယ်ဝခြင်းကို စုပ်ယူရန်နှင့် ကိုယ်တော်၏ မစပေးခြင်းများကို ဝမ်းမြောက်ရန် ကိုယ်တော်နှင့် ပို၍အချိန်ယူလေလေ ဖြစ်ကြရပါမည်။ ခရစ်တော်ထံသို့ ပို၍နီးကပ်လာရန်၊ ကိုယ်တော်နှင့် နှုတ်ကပတ်တော်ထံ ပို၍တံခါးဖွင့်ပေးရန် ဤအခွင့်အရေးကို ရွေးနုတ်ရယူကြပါစို့။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ဖြင့် ဖြည့်သွင်းပေးခြင်းခံရကာ ကိုယ်တော်နှင့်တစ်လုံးတစ်ဝရှိကြပေမည်။ ထို့နောက် ကျွန်ုပ်တို့သည် စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်းနှင့် ကောလဟာလတို့မှ လွတ်မြောက်၍ ဝမ်းမြောက်ခြင်းနှင့် အားရကျေနပ်ခြင်းရှိကာ အခြေအနေအမျိုးမျိုးတွင် ကိုယ်တော်၏ အရာ–အားလုံး၌ အံ့ဝင်ခွင်ကျဖြစ်သောအသက်တာဖြင့် ကိုယ်တော့်ကို အသက်ရှင်နိုင်ကြမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ အိမ်များ၌ သီးခြားနေရစဉ်အချိန်ကာလအတွင်း ကျွန်ုပ်တို့သည် အချင်းချင်းချိတ်ဆက်မှုရှိနေရန် လေ့ကျင့်ကြရမည်၊ အချင်းချင်းစဉ်းစားပေးနေရမည်၊ အချင်းချင်းနှိုးဆော်ပေးကြရမည်ဖြစ်သည်။ သန့်ရှင်းသူများအားလုံးသည် ကိုယ်ခန္ဓာတော်၏ မစမှုကို လိုအပ်သည်။ ကျွန်ုပ်တို့သည် ရုပ်ခန္ဓာအရ တွေ့ဆုံကြရန် မဖြစ်နိုင်သေးသော်လည်း ကျွန်ုပ်တို့၏ အတူတကွစည်းဝေးခြင်းအမှုကို မစွန့်ပစ်ဘဲ၊ ယနေ့ခေတ်၏ နည်းပညာအကူအညီဖြင့် သာ၍မကြာခဏစည်းဝေးကြရမည်ဖြစ်သည်။ မိတ်သဟာယဖွဲ့ခြင်းနှင့် ဆုတောင်းခြင်းကို ဝမ်းမြောက်ရန် နှစ်ဦး၊ သုံးဦး သို့မဟုတ် အဖွဲ့ငယ်များ၌ အချင်းချင်းဆက်သွယ်ချိတ်ဆက်ကြပါစို့။ ကျွန်ုပ်တို့အလယ်ရှိ အိုမင်းသူများနှင့် အားနည်းသောသူများကို ဂရုစိုက်ရန် မမေ့ကြပါနှင့်။ ငယ်ရွယ်သောသူများနှင့် လိုအပ်သောသူများအား ထိန်းကျောင်းခြင်းအမှုကို လျစ်လျူရှုခြင်းမပြုကြပါနှင့်။ ဤသို့သောနည်းလမ်းများဖြင့် အင်္ဂါဝင်များအချင်းချင်း ဂရုစိုက်ကြသောအခါ ကျွန်ုပ်တို့၏ စိတ်နှလုံးများမှာ ကျယ်ဝန်းလာကာ ကျွန်ုပ်တို့သည် မေတ္တာ၌ ထုံးဖွဲ့ခံကြမည်ဖြစ်သည်။ ဤနေ့ရက်များ၌ အသင်းတော်အသက်တာသည် ရပ်ဆိုင်းနေခြင်းလုံးလုံးမရှိဘဲ၊ ရှင်သန်နေ၍ ကြီးထွားနေပါသည်။

ဤနေ့ရက်များသည် ဆုတောင်းခြင်းသို့ တည်ကြည်ခြင်းရှိရမည့်အချိန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ မစခြင်းကိုခံရရန် ရှေးဦးစွာဘုရားသခင်အထံသို့ မိမိတို့ကိုယ်တိုင်ဆုတောင်းရမည်ဖြစ်သည်။ ထို့နောက် အတွင်းဘိသိက်ပေးခြင်းနောက်သို့ လိုက်ကာ ကြားခံဆုတောင်းခြင်း၌ ကိုယ်တော်၏ စိတ်ဝင်စားမှုအတွက် သခင်ဘုရားနှင့်အတူရပ်တည်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စီမံကိန်းသယ်ဆောင်ရန်၊ ကိုယ်တော်၏ အလိုတော်ပြီးပြည့်စုံရန်၊ ခရစ်တော်သည် ကမ္ဘာလောကအခြေအနေကို စီမံခန့်ခွဲရန်၊ အုပ်ချုပ်သူမင်းစိုးများ ပညာဉာဏ်ရှိရန်၊ လူများကယ်တင်ခြင်းရရှိရန်၊ မပူမအေးရှိသူများ ဘုရားထံလှည့်ပြန်လာရန်၊ သန့်ရှင်းသူများအားလုံး၏ ဝိညာဉ်ရေးရာမြင့်တင်ခြင်းရှိကာ သူတို့၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်မှုပြည့်စုံရန်၊ ပြန်လည်ရယူခြင်းတိုးပွားပျံ့နှံ့ရန် စသည်တို့အတွက် ဆုတောင်းပေးနိုင်သည်။ အကယ်၍ ကျွန်ုပ်တို့သည် အသနားခံဆုတောင်းခြင်းနှင့် တောင်းလျှောက်

ခြင်းပြုရန်အတွက် သစ္စာရှိစွာအချိန်ပေးမြုပ်နှံကြပါက၊ ဆုတောင်းရမည့်စာရင်းမှာ အဆုံးမဲ့ဖြစ်သည်။ ထိုထက်မက အပြင်ပိုင်း ပတ်ဝန်းကျင်၏ ဝရုန်းသုန်းကားဖြစ်နေခြင်း၏နောက်ကွယ်တွင် စာတန်သည် ဘုရားသခင်၏လှုပ်ရှားလုပ်ဆောင်မှုနှင့် သန့်ရှင်းသူများအား နှောင့်ယှက်ဖျက်ဆီးနေသော ကောင်းကင်ဆိုင်ရာများ၌ ဝိညာဉ်ရေးရာစစ်ပွဲဖြစ်ပေါ်နေကြောင်း ကျွန်ုပ်တို့သိရှိရမည်ဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်အဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်၏လက်နက်စုံကို ယူတင်ဝတ်ဆင်ကာ ရပ်တည်ခြင်းနှင့် ခံရပ်ခြင်းပြုကြပါစို့။ သို့မှသာ ရန်သူသည် ချည်နှောင်ခြင်းနှင့် ချေမှုန်းခြင်းခံရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်ဘုရားသခင်သည် လူအပေါင်းတို့ကယ်တင်ခြင်းသို့ ရောက်၍ သမ္မာတရားကို ပြည့်ဝစွာသိစေခြင်းငှာ အလိုတော်ရှိသည်။ ယခုနေ့ရက်များ၌ ကျွန်ုပ်တို့သည် မိမိတို့ပတ်ဝန်းကျင်ရှိ ကယ်တင်ခြင်းမရရှိသေးသောသူများအတွက် ဝန်တာအပြည့်ရှိကြရမည့်အချိန်ဖြစ်သည်။ ဘေးဒုက္ခများကြုံတွေ့ရာကာလတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခိုလှုံရာအဖြစ် ခရစ်တော်ကို ရရှိထားစဉ်တွင် ခရစ်တော်ကို မသိသေးသော မယုံကြည်သူများမှာ ထိုသို့သောခိုလှုံရာမရှိသောကြောင့် သူတို့သည် အလွယ်တကူပင် စိတ်ဖိစီးခြင်း၊ စိုးရိမ်ထိတ်လန့်ခြင်းနှင့် မျှော်လင့်ချက်ပျက်သုဉ်းခြင်းကို ခံစားကြရသည်။ သူတို့သည် ငြိမ်သက်ခြင်းဧဝံဂေလိတရားကို ကြားရန် အလွန်အမင်းလိုအပ်လျက်ရှိ၍၊ ငြိမ်သက်ခြင်းအရှင်ဘုရားသခင်ကို လက်ခံရရှိရန် လိုအပ်သည်။ ယခုအချိန်သည် ကျွန်ုပ်တို့၏ ဆွေမျိုးများထံ၊ သူငယ်ချင်းမိတ်ဆွေများထံ၊ အိမ်နီးနားချင်းများနှင့် အတန်းဖော်များထံ ဧဝံဂေလိတရားလန်းဆန်းသစ်လွင်ခြင်းဖြင့် ပျံ့နှံ့ရမည့် အခွင့်ကောင်းအချိန်ခါသမယဖြစ်သည်။ အချိန်အခါကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ ကျွန်ုပ်တို့သည် ထ၍ နှုတ်ကပတ်တော်ကို ဟောပြောရမည်၊ ခရစ်တော်ကို ရဲရင့်စွာသက်သေခံရမည်ဖြစ်၍ ကိုယ်တော်၌ ကြီးစွာသောကယ်တင်ခြင်းရှိရမည့် အချိန်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကြီးစွာသောမျှော်လင့်ခြင်းရှိသောလူများဖြစ်ကြသည်။ ထိုမျှော်လင့်ခြင်းမှာ ဤခေတ်၌မဟုတ်သကဲ့သို့ ဤခေတ်၌ ရှိသည့်အရာများအပေါ် ၌လည်း မဟုတ်ပေ။ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းကား၊ ကျွန်ုပ်တို့ချစ်သော သခင်ယေရှု၌၊ ကိုယ်တော်၏ကြွလာခြင်း၌ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်အလျှင်အမြန်ကြွလာရန် ရှာဖွေလျက်ရှိကြပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ပေါ် ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးသောကြောင့်တည်း။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သတို့သမီးအဖြစ် ပြင်ဆင်ရန် ကျွန်ုပ်တို့၌ ကိုယ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲပေးခြင်းအလုပ်တွင် ပူးပေါင်းပါဝင်ကြသည်၊ စာတန်ဆိုင်ရာရှုပ်ထွေးမှုအလယ်တွင် ကိုယ်တော်၏ ဘုရားဆိုင်ရာအလုပ်သယ်ဆောင်ခြင်း၌ ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ကြသည်၊ ကိုယ်တော်၏ ပြန်ကြွလာခြင်းအတွက် စောင့်မျှော်လျက် ဆုတောင်းနေကြသည်။ တစ်ကမ္ဘာလုံးတွင် ကျရောက်လာသော ဤကပ်ဘေးမှာ ဤခေတ်အဆုံး တွင် ကျရောက်ဖြစ်ပေါ် လာမည့် ဘေးဒဏ်ကြီးတည်းဟူသော ဒုက္ခဝေဒနာများ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပေသည်။ ယခုအချိန်သည် ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့အဖို့ အိပ်ပျော်ရာမှ နိုးထရမည့်အချိန်၊ ရှင်ဘုရင်ကြွလာသောအရုဏ်ဦးတက်လာခြင်းနေ့ရက်သို့ လမ်းပြပေးသောမီးခွက်အဖြစ် ပရောဖက်စကားကို ဂရုပြုရမည့်အချိန်ဖြစ်သည်။

ချစ်သောသန့်ရှင်းသူများ၊ ယခုအချိန်သည် နောက်သို့ တွန့်ဆုတ်ရမည့်အချိန်မဟုတ်ဘဲ၊ ရှေ့သို့ ချီတက်ရမည့်အချိန်ဖြစ်သည်။ ကျွန်ုပ်တို့ယုံကြည်သည်မှာ လက်ရှိကာလတွင် ဖြစ်ပေါ် နေသော ကသောင်းကနင်းဖြစ်ခြင်းကို သည်းခံခြင်းဖြင့် ရင်ဆိုင်ဖြတ်သန်းပြီးနောက် သခင်ဘုရား၏ပြန်လည်ရယူခြင်းမှာ သာ၍သန်စွမ်းစွာပေါ် ထွက်လာကာ ယခင်က မရှိခဲ့ဖူးသောလွှမ်းမိုးခြင်းသို့ ဧကန်အမှန်ရောက်ရှိလာဖြစ်သည်။ မျက်မှောက်ပတ်ဝန်းကျင်အခြေအနေအလယ်၌ပင်လျှင် သခင်ဘုရားသည် ကျွန်ုပ်တို့အား ကိုယ်တော်နှင့်သာ၍ တိုးတက်ခြင်းလမ်းသို့ အံ့သြဖွယ်အခွင့်ကောင်းကို စီမံပေးနေသည်။ အထူးသဖြင့် အိမ်၌အခြေပြုသည့် ဘုရားသခင်–စီမံထားသော လမ်း၌ နည်းပညာ၏ အကူအညီဖြင့် နိုးကြားသောအသင်းတော်အသက်တာကို ကျွန်ုပ်တို့အား လက်တွေ့ကျင့်သုံးစေသည်။ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခတွေ့၍ ညှဉ်းပန်းနှိပ်စက်မှုအောက်၌ရှိစဉ်တွင် ခရစ်တော်သည် သူ၏ လှုပ်ရှားလုပ်ဆောင်မှုကို သာ၍တိုးတက်စေရန် နည်းလမ်းရရှိကြောင်းကို သမိုင်းက ပြဖော်ပေးထားသည်။ ရှေ့သို့ ဆက်လက်၍ရွက်လွှင့်ရန် ကိုယ်တော်၏ အတွင်းပိုင်းပြုပြင်ပေးခြင်းအားဖြင့် ခွန်အားယူကြပါစို့။

သို့သော် ခရစ်တော်ယေရှု၌ ငါတို့ကို ထာဝရဘုန်းအသရေတော်အထဲသို့ ခေါ် တော်မူသော၊ ခပ်သိမ်းသောကျေးဇူးတော်ကို ပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲဒုက္ခခံပြီးသောသင်တို့ကို ကိုယ်တော်ကိုယ်တိုင်စုံလင်တည်ကြည်ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်။ ထိုဘုရားသခင်သည် ကာလအစဉ်အဆက် ဘုန်းတန်ခိုးရှိတော်မူစေသတည်း။ အာမင်။

၁ပေ၊၅း၁၀–၁၁

Our love in Christ Jesus be with you all,
The co-workers in the Lord's Recovery